The Republic of the Union of Myanmar

# The Environmental Conservation Law 2012

Ministry of Environmental Conservation and Forestry

Nay Pyi Taw 2012

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ
## (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ။)
## ၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
## (၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပတ်ဝန်းကျင်** ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာ တို့ ပါဝင်သည့် လူသားတို့ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကို လည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များကို လည်းကောင်း ဆိုသည်။

# The Environmental Conservation Law

## The Pyidaungsu Hluttaw Law No. 9 / 2012

## The 8th Waxing Day of Tagu, 1373 M. E.

## (30$^{th}$ March, 2012)

The Pyidaungsu Hluttaw hereby enacts this Law:

## Chapter I

## Title and Definition

1. This Law shall be called the Environmental Conservation Law.

2. The following expressions contained in this Law shall have the meanings given hereunder:

   (a) **Environment** means the physical factors in the human environment, including land, water, atmosphere, climate, sound, odour, taste, the biological factors of various animals and plants and historical, cultural, social and aesthetic factors;

(ခ) **ပတ်ဝန်းကျင်အရည်အသွေး** ဆိုသည်မှာ သဘာဝနှင့် လူသားများ ရေရှည်တည်တံ့ရေး အကျိုးငှာ တိရစ္ဆာန်၊ အပင်နှင့် သဘာဝ သယံဇာတ အရင်းအမြစ်များအပြင် လူတို့ ဖန်တီးပြုလုပ်ထားသော ပစ္စည်းများပါဝင်သည့် သဘာဝ၏ ဟန်ချက်ညီမှုကိုဆိုသည်။

(ဂ) **ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်း** ဆိုသည်မှာ ပတ်ဝန်းကျင် အရည်အသွေးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအလို့ငှာ ပတ်ဝန်းကျင် ဆိုင်ရာ အခြေအနေများအတွက် ယေဘုယျအရည်အသွေး သတ်မှတ်ချက်ကို ဆိုသည်။

(ဃ) **ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှု** ဆိုသည်မှာ အောက်ပါတို့ကို သတ်မှတ်ရန် အချိန်ကာလ အပိုင်းအခြားအလိုက် စနစ်တကျမှတ်တမ်းပြုလုပ်၍ ခမ္မိဒ္ဓာန်ကျကျ အကဲဖြတ်ခြင်းကို ဆိုသည်-

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကွပ်ကဲမှုဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှု အခြေအနေ၊

(၂) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်၊

(၃) အဆောက်အအုံ၊ မြေနေရာနှင့် ဥပစာများတွင် ဖြစ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်အမျိုးမျိုး။

(င) **ညစ်ညမ်းမှု** ဆိုသည်မှာ ပတ်ဝန်းကျင်ကို အကျိုးရှိစွာ အသုံးပြုခြင်းအား ထိခိုက်စေရန်သော်လည်းကောင်း၊ အများပြည်သူ၏ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကိုဖြစ်စေ၊ တိရစ္ဆာန်နှင့်အပင်များကိုဖြစ်စေ၊ ထိခိုက်စေရန်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်း